# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 22 , 2023 Volume 69, Number 15


၂၂.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၀.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၀.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၈၄.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၉၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၈၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၁၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ထမ်းသက်သာ အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးတက်ရောက်





စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ဝယ်ယူရရှိနိုင်ရေးအတွက်ရည်ရွယ်၍ ဖွင့်လှစ်သည့် ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်ပွဲအား ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆိုင်အတွင်းလှည့်လည်ကြည့်ရှုခဲ့သည်။ အဆိုပါ အရောင်းဆိုင်တွင် ဝန်ထမ်းများအနေဖြင့် ဆန်၊ ဆီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး၊ ကုလားပဲခြမ်း၊ ကြက်ဥ၊ ငြုပ်၊ ဆားအစရှိသော အခြေခံစားသောက်ကုန်များကို ပြင်ပဈေးနှုန်းထက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်မည်ဖြစ်သည့်အပြင် ရေထွက်ကုန်ပစ္စည်းများနှင့် အခြားစားသောက်ကုန်များကိုပါ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဝန်ထမ်းသက်သာအရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

Source: https://www.commerce.gov.mm/my/article/

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်မှ

၁၈ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၆၁၈၅၉၄.၄၇၀ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၉၃၂၆၃၅.၂၀၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ကြိမ်၊ ပဲတီစိမ်းနှင့်ပြောင်းများတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၄၃၀၅၉၉.၆၈၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၈၇၉၉၄.၇၉၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ လယ်ထွန်စက်များ၊ ချည်ထည်များ၊ ဓါတ်မြေသြဇာများ၊ ပလပ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့် အခြားယာဉ်၊ သံပိုက်နှင့် မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၃၄၁၀၄.၈၈၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၇၉၈၅၃၀.၃၂၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၄၈၀ ကျပ်ရှိကြောင်း သိရှိရပါသည်။

Source: **ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ဗီယက်နမ်တွင် အုန်းသီးဈေးနှုန်း ၃ဆ ခုန်တက်



ဗီယက်နမ်နိုင်ငံမှာ ယခုနှစ် နှစ်စပိုင်းတွင် အုန်းသီး ၁၀ လုံး ဈေးနှုန်းမှာ ဒေါင် ၁၅,၀၀၀-၂၀,၀၀၀ သာရှိသော်လည်း ယခုအခါ ဒေါင် ၆၀,၀၀၀ မှ ၆၅,၀၀၀ အထိ သုံးဆမြင့်တက်လာသည်။

အုန်းသီးဈေး မြင့်တက်ရခြင်းအကြောင်းရင်းမှာ ကမ္ဘာ့အုန်းသီးဈေးနှုန်းများ မြင့်တက်မှုကြောင့်ဖြစ်ကြောင်း Ben Tre ပြည်နယ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပြောကြားသည်။

Ben Tre ပြည်နယ်သည် ဗီယက်နမ်တွင် အုန်းပင်များ အများဆုံးရှိသည့် ဧရိယာဖြစ်သည်။ အုန်းပင်အားလုံးနီးပါး မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ ၁၈၈,၀၀၀ ဟက်တာ ဧရိယာတွင်ရှိသည်။

အမေရိကန်က ဗီယက်နမ်မှ အခွံနွှာပြီးသား အုန်းသီးတင်ပို့မှုကို ၂ နှစ်ကြာ ပိတ်ပင်ထားခဲ့ရာမှ ပြန်ဖွင့်ပေးလိုက်သည့် သတင်းကြောင့် ဗီယက်နမ်ပြည်တွင်းမှာ အုန်းသီးဈေးနှုန်းများ မြင့်တက်သွားသည်။ ပို့ကုန်အလားအလာ ရှိနေပြီဖြစ်သဖြင့် ကမ္ဘာ့အုန်းသီးဈေးနှုန်းများနှင့်အညီ ဈေးမြင့်တက်သွားသည်။

ကုန်သည်အချို့ကလည်း အမေရိကန်သို့ အုန်းသီးများ ပြန်လည်တင်ပို့နိုင်ရန် ခြေလှမ်းပြင်နေကြပြီဖြစ်သည်။ ဗီယက်နမ်တွင် အုန်းသီးပြည်ပတင်ပို့သည့် လုပ်ငန်း ၉၀ ကျော်ရှိပြီး ထက်ဝက်နီးပါးသည် ကျကျနနပြုပြင်ပြီးသော အုန်းသီးကုန်ချောများကိုသာ တင်ပို့ကြသည်။ အုန်းနို့၊ အုန်းဆံကြိုး၊ အုန်းသီးဆံ၊ အုန်းသီးခြောက်၊ အုန်းရည်၊ အုန်းနို့၊ အုန်းဆီစသဖြင့် အုန်းသီးနှင့် ပတ်သက်သော လုပ်ငန်းစုစုပေါင်း ၈၅၀ ဝန်းကျင်ရှိသည်။

ဗီယက်နမ်သည် ကမ္ဘာပေါ်တွင် အုန်းသီးများ သတ္တမအများဆုံးတင်ပို့သည့်နိုင်ငံဖြစ်သည်။ အာရှ-ပစိဖိတ်ဒေသတွင် အုန်းသီးများ စတုတ္ထအများဆုံး တင်ပို့သည့်နိုင်ငံဖြစ်သည်။ ယမန်နှစ်က ပို့ကုန်အုန်းသီးမှ ဝင်ငွေ ကန်ဒေါ်လာ သန်း ၉၀၀ ဝန်းကျင်ရရှိခဲ့သည်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6720-vietnam.html

## အမေရိကန်နိုင်ငံအနေဖြင့် တရုတ်၊ ဂျာမနီနှင့်ကနေဒါနိုင်ငံတို့မှ တင်သွင်းသည့် အစားအသောက် စည်သွတ်ဗူးခွံထုတ်လုပ်သည့် သတ္တုတင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းသစ်သတ်မှတ်ရန် စီစဉ်လျက်ရှိ

အမေရိကန်နိုင်ငံအနေဖြင့် တရုတ်၊ ဂျာမနီနှင့် ကနေဒါနိုင်ငံတို့မှ တင်သွင်းသည့် အစားအသောက် စည်သွတ်ဗူးခွံ ထုတ်လုပ်သည့် သတ္တုတင်သွင်းမှုအပေါ် အကောက်ခွန်နှုန်းသစ်သတ်မှတ်ရန် စီစဉ်လျက်ရှိကြောင်း ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့ထုတ် World Street Journal အွန်လိုင်းသတင်းတွင် "U.S. Plans New Tariff on Food-Can Metal From China, Germany and Canada" ခေါင်းစဉ်ဖြင့် ဖော်ပြထားရှိပါသည်။

အမေရိကန်သမ္မတ ဘိုင်ဒင်အစိုးရအနေဖြင့် တရုတ်၊ ဂျာမနီနှင့် ကနေဒါနိုင်ငံတို့မှ တင်သွင်းသည့် စည်သွတ်ဗူးခွံထုတ်လုပ်သောသတ္တုအပေါ် အကောက်ခွန်နှုန်း အသစ်တစ်ရပ် သတ်မှတ်သွားမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ်၊ဩဂုတ်လ ၁၇ ရက်နေ့တွင်ကြေညာခဲ့ပြီး ယင်းသို့တိုးမြှင့်လိုက်ခြင်းကြောင့် စည်သွတ်စားသောက်ကုန်အချို့၏ ဈေးနှုန်း မြင့်တက်လာနိုင်ကြောင်း အစားအသောက်ထုတ်လုပ်သည့်ကုမ္ပဏီများက ပြောကြားခဲ့ပါကြောင်း၊ အမေရိကန်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Commerce Department) ၏ စုံစမ်းစစ်ဆေးချက်အရ အဆိုပါ (၃) နိုင်ငံများမှ သံသတ္တုထုတ်လုပ်သူများသည် ၎င်းတို့၏သံပြားများကို အမေရိကန်နိုင်ငံတွင် ဈေးနှုန်းအလွန်လျှော့ချ၍ ရောင်းချလျက်ရှိသည်ကို တွေ့ရပါကြောင်း၊ အဆိုပါ (၃) နိုင်ငံအနက် တရုတ်နိုင်ငံမှ သွင်းကုန်များအပေါ် အကောက်ခွန်နှုန်းထား (၁၂၂.၅၂) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးကောက်ခံသွားမည်ဖြစ်ပါကြောင်း၊ ဤသို့ကောက်ခံခြင်းမှာ တရုတ်ကုမ္ပဏီများအနေဖြင့် တရုတ်ကွန်မြူနစ်ပါတီနှင့် ဆက်နွယ်ပတ်သက်မှုကို သက်သေပြရန် စုံစမ်းစစ်ဆေးမှုပြုလုပ်ခြင်းကို ငြင်းဆိုခြင်းကြောင့်ဖြစ်ပါကြောင်း၊ Thyssenkrupp Rasselstein အပါအဝင် ဂျာမနီကုမ္ပဏီများအပေါ် (၇.၀၂) ရာခိုင်နှုန်းလျှော့နည်း၍လည်းကောင်း၊ ArcelorMittal Dofasco အပါအဝင် ကနေဒါကုမ္ပဏီများအပေါ် (၅.၂၈) ရခိုင်နှုန်းလျှော့နည်း၍လည်းကောင်း တရုတ်ကုမ္ပဏီများအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းများအောက် လျှော့နည်းကောက်ခံသွားမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဤအကောက်ခွန်နှုန်းသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအထိ အတည်ပြုမည်မဟုတ်ကြောင်း ဖော်ပြထားပါသည်။

တစ်ဆက်တည်းမှာပင် အမေရိကန်အနေဖြင့် အခြားကုန်သွယ်မှုနိုင်ငံ/ဒေသ (၅) ခုဖြစ်သည့် နယ်သာလန်၊ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ တူကီယဲနှင့် ဗြိတိန်နိုင်ငံတို့အား လျှော့ဈေးဖြင့် ကုန်ပစ္စည်းပမာဏ အများအပြားရောင်းချသည် (dumping) ဟုဆိုကာ အကောက်ခွန်နှုန်းအသစ်သတ်မှတ်၍ တင်သွင်းကုန်အမျိုးအစားများကို လျှော့ချခဲ့ပါကြောင်း၊ အမေရိကန်နိုင်ငံ၊ အိုဟိုင်းအိုးပြည်နယ်ရှိ သံသတ္တုပြားထုတ်လုပ်သောကုမ္ပဏီ Cleveland-Cliffs နှင့် သံသတ္တုလုပ်သားများသမဂ္ဂ (United Steelworkers Union) တို့မှ အသနားခံစာတင်ပြလာခြင်းအပေါ် တုန့်ပြန်သည့်အနေဖြင့် အမေရိကန်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနနှင့် အမေရိကန်နိုင်ငံတကာကုန်သွယ်ရေးကော်မရှင်တို့ပူးပေါင်း၍ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် စုံစမ်းစစ်ဆေးမှုတစ်ရပ်ကို ပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါကုမ္ပဏီများမှ တင်ပြသည့် အသနားခံစာတွင် ဈေးပေါသည့် သံသတ္တုတင်သွင်းမှုများကြောင့် အမေရိကန်သံသတ္တုထုတ်လုပ်သူများနှင့် ပြည်တွင်းအလုပ်အကိုင်ရရှိမှုကို ထိခိုက်စေကြောင်းဖြင့် ဖော်ပြထားပါကြောင်း၊ အစား အသောက်ထုတ်လုပ်သည့် ကုမ္ပဏီများက အကောက်ခွန်နှုန်းအသစ်သတ်မှတ်ကောက်ခံခြင်းဖြင့် စည်သွတ်ဗူးဖြင့်ထုတ်လုပ်သော ဟင်းရည်၊ အသီးအရွက်နှင့်အခြားထုတ်ကုန်များ၏ ဈေးနှုန်းမြင့်တက်စေပါကြောင်း၊ စားသောက်ကုန်ဈေးနှုန်းသည် ငွေကြေးဖောင်းပွမှုကြောင့်လည်း မြင့်တက်လျက်ရှိပါကြောင်း ဖော်ပြထားပါသည်။

အမေရိကန် သံသတ္တုသွင်းကုန်များအနက် တရုတ်နိုင်ငံမှ တင်သွင်းသည့်ပမာဏမှာ (၁၄) ရာခိုင်နှုန်းရှိပြီး ဂျာမနီနှင့် ကနေဒါနိုင်ငံတို့မှ သွင်းကုန်စုစုပေါင်းသည် (၃၀) ရာခိုင်နှုန်းရှိပါကြောင်း၊ ကျန်ရှိသည့် သံသတ္တုသွင်းကုန်ရာခိုင်နှုန်းအနက် အများစုကို အခြားနိုင်ငံ/ဒေသ(၅)ခုမှ တင်သွင်းခဲ့ပါကြောင်း၊ သမ္မတဘိုင်ဒင်အစိုးရအနေဖြင့် အမေရိကန်စက်မှုလုပ်ငန်းရှင်များနှင့် အလုပ်သမားများကို ထောက်ပံ့ပေးသည့် "အလုပ်သမားဗဟိုပြုသည့် ကုန်သွယ်ရေးမူဝါဒ (Worker-centric trade policy)" ပြဋ္ဌာန်းထားပြီး ယခုကဲ့သို့ အကောက်ခွန်နှုန်းတိုးမြှင့်လိုက်ခြင်းဖြင့် ငွေကြေးဖောင်းပွမှုကို ထပ်တိုးစေပြီး ယင်းအချက်သည် ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲတွင် ထိုးနက်စရာအချက်တစ်ခုဖြစ်လာနိုင်မည်ကို မလိုလားသည့်အခြေအနေရှိသဖြင့် သမ္မတဘိုင်ဒင်၏အစိုးရသည် မူဝါဒရေးရာပဋိပက္ခနှင့် ရင်ဆိုင်နေရပါကြောင်း၊ စားသုံးကုန်စည်ရောင်းဝယ်ရေးအသင်း

(Consumer Brand Association) ကလည်း အကောက်ခွန်နှုန်းအသစ်ကြောင့် စည်သွတ်စားသုံးကုန်စည်များ၏ ဈေးနှုန်းသည် (၃၀) ရာခိုင်နှုန်းအထိ တက်လာနိုင်ကြောင်း၊ ဤသို့တိုးမြှင့်ခြင်းသည် တရုတ်ကုမ္ပဏီများကို စုံစမ်းစစ်ဆေးမှုအတွက်သာဖြစ်ပြီး တရုတ်နှင့်အမေရိကန်တို့၏ စီးပွားရေးပြိုင်ဆိုင်မှုအပေါ် သက်ရောက်မှုရှိမည်မဟုတ်ကြောင်းဖြင့် အုပ်ချုပ်ရေးအရာရှိများက သုံးသပ်ကြပါကြောင်း ဖော်ပြထားပါသည်။

**သုံးသပ်တင်ပြချက်**

အမေရိကန်နိုင်ငံသည် တရုတ်သံသတ္တုပြားထုတ်လုပ်တင်သွင်းသည့် ကုမ္ပဏီများကို စုံစမ်းစစ်ဆေးမှုပြုလုပ်ကာ အကောက်ခွန်နှုန်းတိုးမြှင့်လိုက်ခြင်းဖြစ်ပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်-တရုတ် အပြန်အလှန်အရေးယူမှု ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အမေရိကန်နိုင်ငံသည် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်တွင် အဆင့်မြင့်နည်းပညာများ ဖြစ်သည့် စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေး၊ Surveillance နှင့် Cyber Capabilities စသောလုပ်ငန်းများလုပ်ကိုင်သည့် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ သမ္မတအမိန့်တစ်ရပ်ကိုထုတ်ပြန်ခဲ့ပြီး ယင်းအမိန့်သည် အမေရိကန်၏ အဓိက ပြိုင်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံရှိ အမေရိကန်ရင်းနှီးမြှုပ်နှံမှုများကို ပြန်လည်စီစဉ်နေရာချသွားရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**(စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)**

**Source:** https://myantrade.gov.mm/article/Naypyitawstp_220820231000

## ထိုင်းနိုင်ငံအတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနက် ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဘတ် ၁၉.၈၉ ဘီလီယံဖြင့် ထိပ်ဆုံးမှရပ်တည်

ယခုနှစ် ပထမ ၇ လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ဘတ် ၅၈.၉ ဘီလီဘံထိ မြင့်တက် လာကြောင်း၊ ရင်းနှီးမြှုပ်နှံမှု အများဆုံး နိုင်ငံ ၅ နိုင်ငံမှာ ဂျပန် (ဘတ် ၁၉.၈၉ ဘီလီယံ)၊ စင်ကာပူ (ဘတ် ၁၂.၉၂ ဘီလီယံ)၊ တရုတ် (ဘတ် ၁၁.၅၅ ဘီလီယံ)၊ အမေရိကန် (ဘတ် ၃ ဘီလီယံ)နှင့် ဂျာမနီ (ဘတ် ၁.၂၉ ဘီလီယံ) အသီးသီးဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ ထိုင်းနိုင်ငံသား ၃,၅၉၄ ဦးအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခဲ့ကြောင်း အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Ms. Rachada Dhnadirek က ပြောကြားခဲ့ပါသည်။

ဇူလိုင်လ ၁ လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဘတ် ၁၀ သန်း အတွက် ခွင့်ပြုပေးခဲ့ပြီး ၃၇၂ ဦးအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ အရှေ့ဘက်ပင်လယ်ပြင်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေ့ပြေးစီမံချက်တစ်ခု ဖြစ်သည့် Eastern Economic Corridor (EEC) တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြပါကြောင်း၊ EEC တွင် ရင်းနှီးမြှုပ်နှံမှု ဘတ် ၁၂.၃၄ ဘီလီယံဖြစ်ပြီး ဂျပန်၊ တရုတ်နှင့်တောင်ကိုရီးယားတို့ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအမျိုးအစားများမှာ စီမံခန့်ခွဲမှုနှင့် ထုတ်လုပ်မှုအတွက် အကြံပေးလုပ်ငန်း၊ စက်မှုနှင့် နည်းပညာ ဝန်ဆောင်မှုများ၊ ယန္တရားများ ထုတ်လုပ်ခြင်းအတွက် တစ်ဆင့်ခံ ကန်ထရိုက်ဝန်ဆောင်မှုများ၊ ယန္တရား အစိတ်အပိုင်းများနှင့် မော်တော်ယာဉ်အစိတ်အပိုင်းလုပ်ငန်းများဖြစ်ကြောင်း၊ နိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံသူများ ဆွဲဆောင်ရာတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို အဆင်ပြေချောမွေ့စေသည့် အစိုးရ၏မူဝါဒသည် အရေးကြီးသောအချက်ဖြစ်ပါကြောင်း ဖြည့်စွက်ပြောကြား ပါသည်။

၎င်းအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် နိုင်ငံအတွက် အခွန်၊ နိုင်ငံသားများအတွက် အလုပ်အကိုင်များ၊ ဈေးကွက်ဆိုင်ရာနည်းပညာနှင့် ဗဟုသုတများကိုလည်း ရရှိစေနိုင်ပါကြောင်း၊ ယခင်နှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဘတ် ၁၂၉ ဘီလီယံရှိခဲ့ကြောင်း၊ ယခုနှစ်အတွင်း အနည်းဆုံး ဘတ် ၁၀၀ ဘီလီယံအထိ ရရှိနိုင်ရန် ခန့်မှန်းထားကြောင်း သိရှိရပါသည်။

**Source: www.bangkokpost. gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_210820230343

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ကြိမ်၊ ပဲတီစိမ်းနှင့် ပြောင်းများ တင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၆၁၈၅၉၄.၄၇၀ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်မှ ၁၁ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၁၀၃၇၁၅၆.၀၁၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၄၁၈၅၆၁.၅၄၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်နေ့ အတွင်း လယ်ထွန်စက်များ၊ ချည်ထည်များ၊ ဓါတ်မြေဩဇာများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ လယ်ယာသုံး နောက်တွဲယာဉ်နှင့် အခြားယာဉ်၊ သံပိုက်နှင့် မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၉၃၂၆၃၅.၂၀၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်မှ ၁၁ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၉၀၈၀၉၂.၂၆၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၂၄၅၄၂.၉၄၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအား နှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၃၁၄၀၄၀.၂၀၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှု စာရင်းများအရတွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၄၈၀ ကျပ် ရှိကြောင်းသိရှိရပါသည်။

Source: **ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## စစ်တွေကုန်သွယ်ရေးစခန်းမှ ၁၂.၈.၂၀၂၃ မှ ၁၈.၈.၂၀၂၃ အတွင်းကုန်သွယ်မှု

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၁၂-၈-၂၀၂၃) မှ (၁၈-၈-၂၀၂၃) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဇီးဖတ်၊ ချင်း(အစို)နှင့် ဇီးယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၁၂၁၅ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၂ ရက်မှ ၁၈ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် မန်ကျည်းစေ့တန်ချိန် ၁၄၃ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ မန်ကျည်းစေ့တန်ချိန် ၂၁၆ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် မန်ကျည်းစေ့တန်ချိန် တင်ပို့နိုင်မှုလျော့နည်းသွားကြောင်း သိရပါသည်။ ယခုအပတ် မန်ကျည်းစေ့ တင်ပို့နိုင်မှုငွေပမာဏမှာ ၁၄၃၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

Source: **ရခိုင်ပြည်နယ်ဦးစီးမှူးရုံး**

## ပြည်တွင်း ငရုတ်သီးခြောက်ဈေးကွက် ပုံမှန်ထက် အရောင်းအဝယ်အေးလာ




ပြည်တွင်း ငရုတ်သီးခြောက်ဈေးကွက် ပုံမှန်ထက် အရောင်းအဝယ်အေးလာကြောင်း ငရုတ်သီးကုန်သည်များထံမှ သိရသည်။

လက်ရှိ ငရုတ်သီးအား ပြည်ပနိုင်ငံဖြစ်သော ထိုင်းနိုင်ငံသို့ အဓိကထား တင်ပို့နေရခြင်းဖြစ်ပြီး မကြာသေးမီက ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် အဓိကလမ်းကြောင်းဖြစ်သော မြဝတီ အာရှလမ်းမကြီးပျက်စီးခဲ့၍ ကုန်သွယ်မှုပြတ်တောက်မှုဖြစ်ပွါးပြီး နောက်ပိုင်း အရောင်းအဝယ် သိသိသာသာအေးစက်လာကြောင်း သိရသည်။ “အခုက ထိုင်းဘက်ပဲ သွားတာဆိုတော့ ငရုတ်သီးကို မြဝတီလမ်းပိုင်းပျက်လို့ နောက်ပိုင်း ဈေးကွက်တော်တော်အေးသွားတယ်လို့ပြောလို့ရတယ်။ ပုံမှန်ထက် တော်တော်အေးသွားတယ်။ အရောင်းအဝယ်မရှိဘူး။ ဈေးကွက်မှာလဲ ငရုတ်တွေ

ရှိသေးတယ်၊ ဈေးကအကျဘက်မှာရောက်နေတယ်။ ဒီဈေးက နည်းနည်းငြိမ်နေတယ်”ဟု ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ငရုတ်သီးကုန်သည်တစ်ဦးကပြောသည်။

ယခင်က ငရုတ်သီးခြောက် တစ်ပိဿာလျှင် ၁၃၀၀၀ မှ ၁၄၀၀၀ ကျော်ထိ ပေါက်ဈေးရှိခဲ့ပြီး လက်ရှိ တစ်ပိဿာလျှင် ၁၁၀၀၀ မှ ၁၂၀၀၀ ကြားတွင်သာရှိကြောင်းသိရသည်။ လက်ရှိ အခြေခံစားသောက်ကုန် အတော်များများ ဈေးတက်နေသော်လည်း ငရုတ်သီးခြောက်မှာ ဈေးမြင့်တက်မှုမရှိကြောင်း ဈေးကွက်မှသိရသည်။ သို့သော် ပြည်တွင်းထွက်ရှိမှုနှင့် ပြည်တွင်းစားသုံးမှုမှာ မျှတနေသည့်အတွက် ပြည်တွင်း၌ ဈေးတန်းတခုရရှိကာ ဈေးအရမ်းကျဆင်းသွားခြင်းမရှိကြောင်း သိရသည်။ “ပြီးခဲ့တဲ့ နှစ်တွေနဲ့ယှဉ်ရင်တော့ ဈေးကကျတာပေါ့။ ပြီးခဲ့တဲ့နှစ်ကဆို ဈေး ၂၃၀၀၀ ထိရခဲ့တာ။ အခုက တခြားကုန်စည်တွေသာတက်တာ ငရုတ်က လုံးဝမတက်ဘူး။ အကျဘက်မှာပဲရောက်နေတာ”ဟု ငရုတ်ကုန်သည်တစ်ဦးကပြောသည်။

လက်ရှိ ငရုတ်သီးအား လှောင်ထားသည့်သူများလည်းရှိနေပြီး လှောင်ထားသည့်သူများအနေဖြင့် လက်ရှိဈေးဖြင့် တွက်ချေမကိုက်ကြောင်း သိရသည်။ အချို့ ပြည်ပတင်ပို့သူများအနေဖြင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းနှင့် အချို့တင်ပို့မှုမူဝါဒအခက်ခဲများကြောင့် ပြည်ပမှပေးသည့် ဈေးနှုန်းရရှိမှုနှင့် တွက်ခြေမကိုက်သည့်အတွက် တင်ပို့နိုင်ခြင်းမရှိကြောင်းလည်း သိရသည်။

လက်ရှိ ငရုတ်သီးအား ပြည်ပနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံသို့ အဓိကထားတင်ပို့နေပြီး လာအို၊ မလေးရှား စသည့်နိုင်ငံများသို့လည်း တင်ပို့နေကြောင်းသိရသည်။ မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှုများဆောင်ရွက်လျက်ရှိရာ ငရုတ် ၊ပြောင်းနှင့်ကွမ်းသီးတို့ အများဆုံးတင်ပို့လျက်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် နေ့စဉ်ရက်ဆက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြန်မာ-ထိုင်းကုန်သွယ်မှုလမ်းကြောင်းဖြစ်သည့် မြဝတီလမ်းပိုင်းအချို့ပျက်စီးမှုများရှိခဲ့၍ ယာဉ်သွားလာမှုများ ရပ်တန့်သွားခဲ့ပြီး လမ်းပိုင်းအမြန်ဆုံးပြင်ဆင်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများမှ ဆောင်ရွက်လျက်ရှိပါသည်။

Source: (AMIA)

https://t.me/htwettoe

## ယခုရက်ပိုင်း ကြက်သွန်နီဈေး မြင့်တက်လာ

မကွေးတိုင်းဒေသကြီးအတွင်း ကြက်သွန်နီကို နေရာအနှံ့အပြားတွင် စိုက်ပျိုးကြသော်လည်း ပခုက္ကူနှင့်ဆိပ်ဖြူဒေသတို့တွင် အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ ကြက်သွန်နီသည် စားဖိုဆောင်တွင် မရှိမဖြစ်လိုအပ်သည့် သီးနှံဖြစ်ခြင်း၊ တရုတ်သို့ တင်ပို့ရောင်းချနေရခြင်းတို့ကြောင့် ယခုရက်ပိုင်းတွင် ဈေးနှုန်းအနည်းငယ် မြင့်တက်လာပါသည်။ ပခုက္ကူကြက်သွန်နီနှင့်ဆိပ်ဖြူကြက်သွန်နီတို့သည် ဈေးကွက်တွင် နေရာတစ်ခုအနေဖြင့် ရရှိထားပြီးလည်းဖြစ်ပါသည်။

ဆိပ်ဖြူကြက်သွန်နီကုန်စည်ဒိုင်သို့ ဆိပ်ဖြူဒေသမှ ကြက်သွန်စိုက်ကျေးရွာများအပြင် ပခုက္ကူ၊ ပေါက်၊ ဆော၊ စလင်း (ဆင်ဖြူကျွန်း) ဒေသများမှပင် လာရောက်ရောင်းချကြပါသည်။ အဆိုပါ ကြက်သွန်ကုန်စည်ဒိုင်မှတဆင့် ရန်ကုန်သို့ အများဆုံးတင်ပို့ရောင်းချကြပြီး မူဆယ်၊ မြဝတီ၊ မော်လမြိုင်နှင့် ဧရာဝတီတိုင်းတို့အထိ တင်ပို့ရောင်းချရပါသည်။

ကြက်သွန်နီဈေးမှာ ယခုရက်ပိုင်းတွင် တစ်ပိဿာလျှင် (၂၃၅၀)ကျပ်အထိ ဈေးရရှိပြီး ယခင်ရက်များထက် ဈေးရရှိနေပါသည်။ တစ်ရက်လျှင် ကြက်သွန်နီကုန်စည်ဒိုင်သို့ ပိဿာ (၁၉၅၀၀)ကျော် အဝင်ရှိနေပြီး လက်ကျန်မှာ ပိဿာ သိန်း (၅၀)မှ (၆၀)ကြားကျန်ရှိနေကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရှိရပါသည်။

Source: **မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

# STOCK EXCHANGE (22.8.2023)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 22nd Aug. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,387 (Shares) | 53,130,500 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,300 | +100 | +1.09% | 9,300 | 9,300 | 9,300 | 393 | 3,654,900 | 33,109,694 | 307,920 |
| MTSH | 00002 | 3,200 | -50 | -1.54% | 3,250 | 3,250 | 3,200 | 4,552 | 14,714,250 | 38,929,150 | 124,573 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 39 | 312,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 2,069 | 3,414,550 | 29,664,613 | 50,430 |
| TMH | 00005 | 2,450 | +50 | +2.08% | 2,450 | 2,450 | 2,450 | 10 | 24,500 | 12,823,224 | 31,417 |
| EFR | 00006 | 2,300 | -50 | -2.13% | 2,300 | 2,300 | 2,300 | 1,500 | 3,450,000 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 2 | 9,800 | 10,497,598 | 51,438 |
| MAEX | 00008 | 2,000 | +50 | +2.56% | 1,950 | 2,000 | 1,950 | 13,822 | 27,550,500 | 23,804,946 | 47,610 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 22nd Aug. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 393.68 | +1.96 | +0.50% | 393.48 | 393.68 | 392.26 | 22,387 | 53,130,500 | 8 | 742,544 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 22nd Aug. 2023

| Trading Volume | Trading Value |
|---|---|
| 22,387 (Shares) | 53,130,500 (MMK) |

## Main Board

As of 1:00 pm, 22nd Aug. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,387 (Shares) | 53,130,500 (MMK) |

| MYANPIX | 393.68 ▲ 1.96 |
|---|---|
| Total Volume (shares) | 22,387 |
| Total Value (MMK) | 53 mil |
| Listed Company | 8 |
| Market Cap. (MMK) | 742,544 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,300 | ▲ 100 |
| MTSH | 00002 | 3,200 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,450 | ▲ 50 |
| EFR | 00006 | 2,300 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 2,000 | ▲ 50 |